ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

သတင်းလွှာ

Ministry of Health and Sports Newsletter

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

အတွဲ (၂)၊ အမှတ် (၁)









**သတင်းလွှာ၏ဆောင်ပုဒ်**

**"သတင်းလွှာ၏ အရည်အသွေးနှင့်ပြည့်စုံမှုသည် ဆက်လက်ထုတ်ဝေရင်း ပိုမိုတိုးတက်ကောင်းမွန်လာရမည်"**

**သတင်းလွှာ၏ရည်ရွယ်ချက်**

**"ဤသတင်းလွှာမှတဆင့်ကျွန်ုပ်တို့၏ မျှော်မှန်းချက်၊ အတွေးအမြင်တို့ကို မျှဝေကာ သဘောထားညီညွတ်စွာဖြင့် ပြည်သူလူထု၏ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးအတွက်ကြိုးပမ်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်"**

## ခွန်အားသစ်လောင်း၍ တိုးမြှင့်ဆောင်ရွက်မည့် ယခုလာမည့်ဘဏ္ဍာနှစ်

ယခုရောက်ရှိမည့် (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပြည်သူလူထုတစ်ရပ်လုံး၏ကျန်းမာရေး အဆင့်အတန်း တိုးတက် မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား မူလသမရိုးကျ ဆောင်ရွက်လျက်ရှိသည့်လမ်းကြောင်းမှဆန်းသစ်ကာ ပိုမိုကောင်းမွန်သော နည်းလမ်းသစ်များဖြင့် ခွန်အားသစ်လောင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ လွှမ်းခြုံဆောင်ရွက်နိုင်ရန် (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်အတွက် ကျန်းမာရေးအသုံးစရိတ်အားလည်း နိုင်ငံတော်မှ ထိုက်သင့်သော ပမာဏအား တိုးမြှင့်ခွဲဝေချထားပေးမည်ဖြစ်သည်ကို မိမိတို့အနေဖြင့် မျှော်မှန်းထားပြီးဖြစ်ပါသည်။ အဆိုပါ ပြည်သူ့ဘဏ္ဍာငွေအား အကျိုးရှိစွာ အသုံးချ၍ ပြည်သူလူထုအား ထိရောက်သော ကျန်းမာရေး ဝန်ဆောင်မှုများပေးနိုင်ရန် တစ်ပြိုင်နက်တည်း စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြည်သူတို့ ရွေးချယ်တင်မြှောက်ထားသည့် ဒီမိုကရေစီ အစိုးရသစ်လက်ထက် တစ်နှစ်ကာလအတွင်း ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ကျန်းမာရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာရှင်များအကြား ပိုမိုအားဖြည့် ပေါင်းစည်းဆောင်ရွက်နိုင်ခဲ့သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိုက်သင့်သော တိုးတက်မှုများနှင့် အကျိုးရလဒ်များရရှိခဲ့ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင်ပါဝင်သော အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့်ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုစသည့် လုပ်ငန်းနယ်ပယ်များအလိုက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများအား ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်နိုင်ခဲ့ပါသည်။ သို့ရာတွင် ကျန်းမာရေးစနစ် တစ်ခုလုံးအား ယေဘူယျဆန်းစစ်လျှင် အားဖြည့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လုပ်ငန်းနယ်ပယ်များရှိနေဆဲဖြစ်ပါသည်။

*(တစ်ဘက်သို့)*

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အား အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းများဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မိမိတို့အနေဖြင့် ကောင်းစွာပြင်ဆင်ထားရမည်ဖြစ်ပါသည်။ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား အပြန်အလှန် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်သည့်စနစ်သည် မရှိမဖြစ် လိုအပ်လှပါသည်။ ထို့အပြင် နိုင်ငံတော်မှ e-governance စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း အီလက်ထရောနစ်ကျန်းမာရေးစနစ် (e-health) သို့ ကူးပြောင်းဆောင်ရွက်နိုင်ရန်အတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့အီလက်ထရောနစ်စနစ်သို့ ကူးပြောင်းခြင်းဖြင့် ရေရှည်တွင် လုပ်ငန်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်မည်ဖြစ်ပြီး အချိန်တိုအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားသတင်းအချက်အလက်စနစ်အားလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံချက် ဧရိယာအသီးသီးတွင် အသုံးပြုကောက်ယူလျက်ရှိသော သတင်းစနစ်များအား တစ်ပြေးညီ လိုက်လျောညီထွေဖြစ်စေရန်အတွက်လည်း ဆောင်ရွက်မည်ဖြစ်ပြီး လာမည့် (၆) လတာကာလအတွင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု နှစ်ချုပ်အစီရင်ခံစာနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်အကျဉ်းချုပ်တို့အား ထုတ်ဝေရန် စီစဉ်ထားရှိပါသည်။

ဤနေရာတွင် အဓိက မီးမောင်းထိုးပြလိုသည့်အချက်မှာ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများအား တတ်နိုင်သမျှအမြန်ဆုံး ပြန်လည်ခြုံငုံသုံးသပ်ပြီး အဆိုပါတွေ့ရှိချက်များအပေါ် အခြေခံ၍ နောင်ပြုလုပ်မည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများအား စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် စံလုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်များ၊ အခြားအတတ်ပညာပိုင်းဆိုင်ရာနှင့် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများအား ပြန်လည် သုံးသပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အားဖြည့်ဆောင်ရွက်ခြင်းတို့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းခွင်မွမ်းမံသင်တန်းများနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချလျက်ရှိသည့်အပြင် စဉ်ဆက်မပြတ်ဆေးပညာသင်ကြားခြင်းအား ကုသရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် စွမ်းဆောင်ရည်မြင့်မားလာစေရန် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း၊ မြန်မာနိုင်ငံသူနာပြု/သားဖွားအသင်းတို့နှင့် လက်တွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ ယခုလာမည့် ဘဏ္ဍာနှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဆောင်ပုဒ်မှာ “အသင်းအဖွဲ့စိတ်ဓါတ်အရင်းတည်လို့ အတူပူးပေါင်းဆောင်ရွက်စို့” ဖြစ်ပါသည်။

*(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ အမှာစကားတစ်ခုမှကောက်နုတ်ချက်)*



## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၏ တက်ရောက်ခဲ့သည့် အခမ်းအနားများနှင့်တွေ့ဆုံဆွေးနွေးပွဲများ

- **၂-၁-၂၀၁၇**
  - ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy) ဖွင့်ပွဲနှင့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာ သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ဇီးပင်ကြီးခုတင်(၅၀)ဆံ့ဆေးရုံနှင့် (၂၅)ခုတင်ဆံ့ဆေးရုံတို့သို့ကြည့်ရှုစစ်ဆေးခြင်း။
- **၅-၁-၂၀၁၇**
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နေပြည်တော်တွင်တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးအရာရှိများ၊ လက်ထောက်ဆရာဝန်များနှင့် တွေ့ဆုံခြင်း။
- **၆-၁-၂၀၁၇**
  - Program Director, UNOPS နှင့် တွေ့ဆုံခြင်း။
    Master of Public Health ဘွဲ့ရ ကျောင်းသား/ကျောင်းသူများနှင့်တွေ့ဆုံခြင်း။
- **၉-၁-၂၀၁၇**
  - ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဓာတ်ခွဲပညာရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း။
- **၁၀-၁-၂၀၁၇**
  - သုဝဏ္ဏအားကစားကွင်းတွင် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တွေ့ဆုံခြင်း။
- **၁၁-၁-၂၀၁၇**
  - ရခိုင်ပြည်နယ်အတွင်း အာဟာရဖြင့်တင်ရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတက်ရောက်ခြင်း။
  - ရန်ကုန်မြို့ရှိအားကစားကွင်းနှင့်အားကစားရုံများအား ကြည့်ရှုစစ်ဆေးခြင်း။
- **၁၂-၁-၂၀၁၇**
  - The Kingdom of Thailand, Ministry of Tourism and Sports မှ H.E. Mrs. Kobkarm Wattanavrangkul နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - UNFPA အဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အားတွေ့ဆုံခြင်း။
- **၁၃-၁-၂၀၁၇**
  - ပြည်ထောင်စုဝန်ကြီးသည် Royal College of General Practitioners အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း။
  - ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများနှင့် ဆေးရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း။
- **၁၇-၁-၂၀၁၇**
  - PATH အဖွဲ့နှင့်တွေ့ဆုံခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးတွင် တင်ဒါအောင်မြင်သောကုမ္ပဏီနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း။
- **၁၈-၁-၂၀၁၇**
  - (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနား တက်ရောက်ခြင်း။
  - ရခိုင်ပြည်နယ်ရှိကာကွယ်ဆေးလွှမ်းခြုံမှုနည်းပါးသောဒေသများတွင် လွှမ်းခြုံမှုမြင့်မားစေရန် စီစဉ်ဆောင်ရွက်မည့် အစီအစဉ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် WHO Collaborative Meeting သို့ တက်ရောက်ခြင်း။
- **၂၁-၁-၂၀၁၇**
  - (၆၃)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံသို့ တက်ရောက်ခြင်း။
  - မကွေးတိုင်းဒေသကြီးအတွင်းရှိ သစ်ရာကောက်တိုက်နယ်ဆေးရုံ၊ ချောင်းကောက်တိုက်နယ်ဆေးရုံ၊ ဆင်ပေါင်ဝဲမြို့နယ်ပြည်သူ့ဆေးရုံတို့အားကြည့်ရှုစစ်ဆေးခြင်း။

➢ ၂၃-၁-၂၀၁၇
- ICRC မှ ဌာနေကိုယ်စားလှယ် Mr. Jurg Montani နှင့်အဖွဲ့အားတွေ့ဆုံခြင်း။
- မြန်မာနိုင်ငံအခြေစိုက် Telecom for Basic Human Needs (BHN) မှ Mr. Eiichi Watanabe ဦးဆောင်သော အဖွဲ့နှင့်တွေ့ဆုံခြင်း။
- ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့နှင့်တွေ့ဆုံခြင်း။
- Architect for International Development - Robin Cross နှင့် ဒိန်းမတ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Peter Lysgolt တို့ကိုလက်ခံတွေ့ဆုံခြင်း။

➢ ၂၅-၁-၂၀၁၇
- ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး ပြင်ပလူနာဌာနနှင့် ကျောက်ကပ်တု သွေးသန့်စင်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း။

➢ ၂၆-၁-၂၀၁၇
- သူနာပြုတက္ကသိုလ်(မန္တလေး) နှင်းဆီဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- ဆေးဝါးတက္ကသိုလ်(မန္တလေး)၊ တိုင်းရင်းဆေးဝါးစက်ရုံနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့၌ကြည့်ရှုစစ်ဆေးခြင်း။

➢ ၂၇-၁-၂၀၁၇
- ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်အား ကြည့်ရှုစစ်ဆေးခြင်း။

➢ ၂၈-၁-၂၀၁၇
- ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်ရှိ မြို့ချောင်းတိုက်နယ်ဆေးရုံအား စစ်ဆေးခြင်း၊ ကမ္ဘာ့ဘဏ်အဖွဲ့နှင့်တွေ့ဆုံခြင်း။
- UNAIDS, UNICEF, WHO, University of Oslo တို့ပါဝင်သောအဖွဲ့များနှင့် Electronic Health Information System – DHIS2 ကိစ္စတွေ့ဆုံဆွေးနွေးခြင်း။
- 2017 LEOPALACE 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- အမေရိကန်နိုင်ငံ Stanford University မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း။

➢ ၃၀-၁-၂၀၁၇
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှဆောင်ရွက်လျက်ရှိသော ခုခံအားကျဆင်းမှုရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့်တွေ့ဆုံခြင်း။

➢ ၂-၂-၂၀၁၇
- အခြေခံပညာကျောင်းများတွင် အာဟာရပဲနို့တိုက်ကျွေးရေးအစည်းအဝေးသို့တက်ရောက်ခြင်း။
- ပြည်နယ်/တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးများနှင့်တွေ့ဆုံခြင်း။

➢ ၄-၂-၂၀၁၇ မှ ၅-၂-၂၀၁၇
- မြန်မာနိုင်ငံဆရာဝန်အသင်းဆေးရုံအုပ်ချုပ်မှုစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
- အားကစားကလောင်ရှင်များအဖွဲ့ချုပ်မှကျင်းပသည့် အသက်(၇၀)ကျော် အားကစားကလောင်ရှင်ဆရာကြီးများ ကန်တော့ပွဲနှင့်ထူးချွန်အားကစားသမားများဆုချီးမြှင့်ပွဲတက်ရောက်ခြင်း။
- ကင်ဆာရောဂါကုဆရာဝန်များနှင့်တွေ့ဆုံခြင်း။
- ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ နှစ်(၉၀)ပြည့် နဝရတ်ရတုအထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ခြင်း။

➢ ၆-၂-၂၀၁၇
- ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများကာကွယ်ထိန်းချုပ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းဆန်းစစ်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး (Joint External Evaluation - JEE Stakeholder Meeting) သို့တက်ရောက်ခြင်း။

➢ ၇-၂-၂၀၁၇ မှ ၉-၂-၂၀၁၇
- ရွှေညောင်တိုက်နယ်ဆေးရုံနှင့် တိုက်နယ်ကျန်းမာရေးဌာနအားကြည့်ရှုစစ်ဆေးခြင်း။
- မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)၏ (၁၇)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း။
- အမျိုးသမီးနှင့်ကလေးဆေးရုံ၊ တောင်ကြီးနှင့် သားဖွားသင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း။
- ဇီဝလုံခြုံမှုအဆင့်(၃)တီဘီဓါတ်ခွဲဌာနဖွင့်ပွဲနှင့် Learning and Performance Improvement Centre ဖွင့်ပွဲသို့တက်ရောက်ခြင်း။
- ရှမ်းပြည်နယ်(တောင်ကြီး)ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံခြင်း။
- ဆေးတက္ကသိုလ်(တောင်ကြီး)၊ စဝ်စံထွန်းဆေးရုံကြီးနှင့် သူနာပြုသင်တန်းကျောင်းတို့အားကြည့်ရှုစစ်ဆေးခြင်း။

- ၁၅-၂-၂၀၁၇ - 3MDG Fund Board မှတာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း။
- ၁၆-၂-၂၀၁၇ - မကူးစက်နိုင်သောရောဂါများကာကွယ်ကုသရေးဆိုင်ရာအမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၁၇-၂၀၂၁) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၁၇-၂-၂၀၁၇ - အရှေ့တောင်အာရှဒေသနိုင်ငံများ နာကျင်မှုဝေဒနာကုသရေးအဖွဲ့ (၇)ကြိမ်မြောက်ညီလာခံဖွင့်ပွဲတက်ရောက်ခြင်း။
  - အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း။
- ၂၄-၂-၂၀၁၇ - Impact Norway အဖွဲ့မှတာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း။
  - UK Public Health England and Mott MacDonald အဖွဲ့မှတာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း။
- ၂၅-၂-၂၀၁၇ - မြန်မာနိုင်ငံဆရာဝန်အသင်းသားဖွားနှင့်မီးယပ်ပညာအဖွဲ့(၁၂)ကြိမ်မြောက် နှီးနှောဖလှယ်ပွဲသို့တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
- ၂၅-၂-၂၀၁၇ - တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်ကျင်းပခြင်း။
- ၂၆-၂-၂၀၁၇ - ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) မွေးကင်းစကလေးအထူးကြပ်မတ်တိုးချဲ့ကုသဆောင်နှင့် Skills Competency Practice Centre ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
- ၂၇-၂-၂၀၁၇ - Myanmar Health Sector Coordinating Committee (MHSCC) (၉) ကြိမ်မြောက်အစည်းအဝေးတက်ရောက်ခြင်း။
- ၂၈-၂-၂၀၁၇ - ကုသရေးဦးစီးဌာန၊ မီဒီယာဆက်ဆံရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍အဖွင့်မိန့်ခွန်းပြောကြားခြင်း။
  - Jhpiego အဖွဲ့မှ Dr. Leslie Mancuso ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ICAP အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း။



## အာဟာရပြည့်ဝရေးဆောင်ရွက်ချက်များသည်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခြင်း




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၂၅-၁-၂၀၁၇)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ပြည်သာယာခန်းမ၌ကျင်းပသည့် အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်သည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အာဟာရပြည့်ဝရေး ဆောင်ရွက်ချက်သည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်မှုရှိနေသည်ကို သတိပြုရန်လိုကြောင်း၊ အာဟာရဆိုင်ရာ လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ ဒေသနှင့်သင့်လျော်သည့် နည်းစနစ်များအသုံးပြုရန်လိုအပ်ပါကြောင်း၊ ရှေ့လုပ်ငန်းများကို မည်သည့်ပုံစံဖြင့် အကောင်အထည်ဖော်သွားမည်ကို ဆုံးဖြတ်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးများ မကြာခဏကျင်းပရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒေါက်တာဇော်မြင့်မောင်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ အာဟာရအခြေအနေနှင့် လာမည့်နှစ်များတွင် အာဟာရနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ စာရင်းများ တိကျစွာ ကောက်ယူပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

## (၁၇)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များနှီးနှောဖလှယ်ပွဲကျင်းပခြင်း



(၁၇)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီလ(၁၈)ရက်နေ့နှင့် (၁၉)ရက်နေ့တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပခဲ့ပါသည်။ ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက အာဆီယံစီးပွားရေး အသိုက်အဝန်းထဲ ဝင်ရောက်ရန် ညှိနှိုင်းနေသည့် ကိစ္စရပ်များတွင် တိုင်းရင်းဆေးကဏ္ဍ ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဆင့်အတန်းမီအောင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် တိုင်းရင်းဆေးပညာရပ်များနှင့် ကုထုံးများ ပြန်လည်ဖော်ထုတ်ရန်၊ ရေရှည်တည်တံ့ရေးဆောင်ရွက်ရန်၊ မျိုးဆက်သစ် တိုင်းရင်းဆေးသမားတော်များ အနေဖြင့် ကျွမ်းကျင်စွာနားလည်တတ်မြောက်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာချပြနိုင်ရန်နှင့် သုတေသနလုပ်ငန်းများစနစ်တကျလုပ်ကိုင်ပြီး တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရန်အချက်များသည် ပြည်သူလူထု ကျန်းမာရေးကို တိုင်းရင်းဆေးနှင့်ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန်အတွက်အရေးပါကြောင်း၊ အစွမ်းထက်ဆေးပင်များကို ဖော်ထုတ်ထိန်းသိမ်းရန်၊ ဆေးဝါးထုတ်လုပ်ရာတွင် GMP အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ညီလာခံသို့ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားခဲ့ပါသည်။ ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် တိုင်းရင်းဆေးဝါးပြခန်းများကို လိုက်လံ ကြည့်ရှု အားပေးခဲ့ပြီး ညီလာခံ ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

## ရခိုင်ပြည်နယ်အတွင်းအာဟာရဖြည့်တင်းရေးလုပ်ငန်းများအရှိန်မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ရခိုင်ပြည်နယ်အတွင်း အာဟာရဖြည့်တင်းရေးလုပ်ငန်းများ အရှိန်မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား (၁၁-၁-၂၀၁၇) ရက်နေ့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဒေါက်တာမြင့်ထွေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် အာဟာရဖွံ့ဖြိုးရေးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေငြာစာတမ်းတွင် ပါဝင်သော အဓိကအချက်တစ်ခုဖြစ်ပါကြောင်း၊ဗဟိုဝန်ကြီးဌာနများသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)၏ လုပ်ငန်းမူဘောင်ကို အလုံးစုံပါဝင်ရန် ရေးဆွဲထားပြီးဖြစ်သဖြင့် ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှလည်း အနာဂတ် ကျန်းမာရေးလုပ်ငန်းများတွင် ပိုမို ပူးပေါင်း ဆောင်ရွက် စေလိုကြောင်း၊ ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှု များပေးခြင်း၊ ရန်ပုံငွေခွဲဝေခြင်းများကို ကျွမ်းကျင်မှုပိုင်းမှ သုံးသပ်ပြီး စိစစ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးဌာနမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်း အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

## ရခိုင်ပြည်နယ်တွင်ကာကွယ်ဆေးလွှမ်းခြုံမှုမြင့်မားစေရန်ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

ရခိုင်ပြည်နယ်ရှိ ကာကွယ်ဆေးလွှမ်းခြုံမှုနည်းပါးသော နေရာများတွင် လွှမ်းခြုံမှုမြင့်မားစေရေး ညှိနှိုင်းအစည်းအဝေးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ (၁၈-၁-၂၀၁၇) ရက်နေ့တွင် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကာကွယ်ဆေးလွှမ်းခြုံမှုများ ပြန်လည်မြင့်မားလာစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် အဖွဲ့အစည်းများနှင့် လက်ခံရရှိမည့် လူမှုအသိုင်းအဝိုင်းများကြားတွင် အပြန်အလှန်ယုံကြည်နားလည်မှုရှိရေး၊ လေးစားမှုရှိရေးတို့ကို ရခိုင်ပြည်နယ်အတွင်းတွင် ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကိုလက်ခံခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို လူမှုအသိုင်းအဝိုင်းများမှခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ပါဝင်သူများကို နားလည်အောင်ရှင်းပြခြင်းဖြင့် ပူးပေါင်းပါဝင်မှုကိုရရှိလာမည်ဖြစ်ပါကြောင်း၊ ဘာသာပေါင်းစုံ



ညီညွတ်ရေးအဖွဲ့အစည်းတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး လူမှုအသိုင်းအဝိုင်းများအားလုံးညီမျှစွာ ကျန်းမာရေးစောင့်ရှောက်မှုများကိုရရှိစေရန်အတွက် ဆောင်ရွက်ရန်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာသူများက ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များ၊လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများကာကွယ်ထိန်းချုပ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းဆန်းစစ်ခြင်း (Joint External Evaluation - JEE) လုပ်ငန်းများဆောင်ရွက်ခြင်း



ကူးစက်ရောဂါအသစ်များ၊ ပြန်လည်ခေါင်းထောင်လာသော ကူးစက်မြန်ရောဂါများ အပါအဝင် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများအား ကာကွယ်ထိန်းချုပ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး တို့နှင့် စပ်လျဉ်း၍ နီးနွယ်ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပ မိတ်ဖက် အဖွဲ့အစည်းများပါဝင်သော ပူးတွဲပြင်ပ လေ့လာဆန်းစစ်ခြင်း (Joint External Evaluation - JEE) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၆-၂-၂၀၁၇) ရက်နေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပ ခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။ ပူးတွဲ ပြင်ပလေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်သည် (၂၀၁၄) ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ကြေညာချက်ပါအချက်များအနက် ဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း၊ ကူးစက်မြန်ရောဂါများကြောင့် လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာရေးတို့ကို ဆိုးဝါးစွာ အကျိုးသက်ရောက်ကြောင်း၊ ကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့ကို မိမိတို့ဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကုသရေးဦးစီးဌာနမှူးများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်းနှင့် နီးနွယ်ဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဌာနေကိုယ်စားလှယ် Dr. Stephen Jost က ကမ္ဘာ့နိုင်ငံအချို့၌ JEE ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများ၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင် က JEE ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပါသည်။

ထို့နောက် အစည်း အဝေး တက်ရောက်လာသူများက JEE လုပ်ငန်းစဉ်များ ဖွဲ့စည်းနိုင်ရေး ဆွေးနွေးကြရာပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ JEE လုပ်ငန်းစဉ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅)ပါ လုပ်ငန်းစဉ် (၇) ရပ်နှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုံခြုံစိတ်ချမှုအစီအစဉ်ပါ လုပ်ငန်းစဉ် (၁၁)ရပ်တို့အား လေ့လာဆန်းစစ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်တွင်းလေ့လာဆန်းစစ်ရေးအဖွဲ့ငယ်များမှ (၂၀၁၇) ခုနှစ်၊ မတ်လ အတွင်း၌လည်းကောင်း၊ ပြည်ပလေ့လာဆန်းစစ်ရေး အဖွဲ့ငယ်များမှ (၂၀၁၇) ခုနှစ်၊ ဧပြီလနှင့်မေလ အတွင်း၌လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ရှိချက်များ အပေါ်မူတည်ကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ကြုံတင်ကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေး လုပ်ငန်းများအတွက် (၅) နှစ်စီမံကိန်းအား ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မျက်ခမ်းစပ်နှင့်မျက်မမြင် ကာကွယ်ရေးစီမံကိန်းနှင့် Helen Kelle International တို့ ပူးပေါင်း၍ ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုဆရာဖြစ်သင်တန်းဖွင့်ပွဲကို (၁၇-၂-၂၀၁၇) ရက်နေ့တွင် နေပြည်တော်၊ ရွှေပြည်တော်ဟိုတယ်၌ ကျင်းပခဲ့ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းမှ တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရောဂါနှိမ်နင်းရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်မည်များကို အကြံပြုပြောကြားခဲ့ပါသည်။ သင်တန်းတွင် မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ပျဉ်းမနားပြည်သူ့ဆေးရုံမှ မျက်စိအထူးကုဆရာဝန်တို့မှ သင်တန်းသားများအား စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပါသည်။

## တောင်ကြီးမြို့၌ Bio Safety Level - 3 TB Laboratory ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့၏ အထောက်အပံ့ဖြင့် တောင်ကြီးမြို့၊ ပြည်နယ် တီဘီရောဂါ တိုက်ဖျက်ရေးဌာနတွင် ဆေးယဉ်ပါးတီဘီရှိ/ မရှိ (Drug Susceptibility Testing - DST) စမ်းသပ် စစ်ဆေးနိုင်သည့် ဇီဝလုံခြုံမှုအဆင့်- ၃ ရှိသော Bio Safety Level - 3 TB Laboratory အဆောက်အဦ ဆောက်လုပ်ခြင်း၊ ဓာတ်ခွဲကိရိယာပစ္စည်းများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ပြည်နယ်တီဘီရောဂါ တိုက်ဖျက်ရေးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အစိုးရ ဝန်ကြီးချုပ်နှင့်လူမှုရေးဝန်ကြီး၊ တောင်ကြီးဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် United Nations Office for Project Services (UNOPS) တို့မှ ဖိတ်ကြားထားသူများနှင့် မိတ်ဘက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ စုစုပေါင်း (၇၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။




## မကူးစက်နိုင်သောရောဂါများကာကွယ်ကုသရေးအမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၁၇–၂၀၂၁) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

မကူးစက်နိုင်သော ရောဂါများ ကာကွယ် ကုသရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၁) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ (ပထမအကြိမ်)ကို ဖေဖော်ဝါရီလ (၁၆)ရက်နေ့မှ (၁၇) ရက်နေ့အထိ နေပြည်တော်၊ ဇမ္ဗူသီရိဟိုတယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် Help Age International အဖွဲ့တို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းမှ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အခြားတာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ နီးနွယ်ဝန်ကြီးဌာန အသီးသီးမှ ဖိတ်ကြားထားသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း/ ပြည်ပအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များတက်ရောက်ဆွေးနွေးခဲ့ကြပါသည်။



## တတိယအကြိမ်မြောက်သွေးသွင်းကုသမှုပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကျင်းပခြင်း



တတိယအကြိမ်မြောက် "မြန်မာနိုင်ငံသွေးသွင်းကုသမှုပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ" ကို (၁၂-၁-၂၀၁၇) ရက်နေ့တွင် အမျိုးသားသွေးဌာနနှင့် ဂျပန်နိုင်ငံ National Center for Global Health and Medicineအဖွဲ့တို့ပူးပေါင်း၍ ရန်ကုန်မြို့၌ကျင်းပခဲ့ပါသည်။ အမျိုးသားသွေးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ သွေးသွင်းကုသမှု လုပ်ငန်းဆိုင်ရာ ပညာရပ်များ ပိုမိုတိုးတက်စွာ ဆောင်ရွက်လာနိုင်စေရေး၊ နိုင်ငံတကာမှ အတတ်ပညာရှင်များနှင့် အသိပညာဖလှယ်ခွင့် ရရှိစေရေးတို့အတွက် ရည်ရွယ်၍ (၂၀၁၅) ခုနှစ်မှ စတင်ကာ သွေးသွင်းကုသမှု ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်က သွေးသွင်းကုသမှုဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ ထောက်ပံ့မှုများသည် အရေးကြီးကြောင်း၊ တိုးတက်ပြောင်းလဲလာသော ဆေးပညာများကို မျက်ခြေမပြတ် လေ့လာခွင့်ရရှိရေးမှာလည်း လွန်စွာအရေးကြီးကြောင်းနှင့် ပညာရပ်ဆိုင်ရာ တိုးတက်ရေးအတွက် Education Symposium သည် လွန်စွာအကျိုးရှိကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် အင်္ဂလန်၊ ထိုင်ဝမ်နှင့် ဂျပန်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များမှ နည်းပညာသစ်များ၊ နိုင်ငံတကာ အတွေ့အကြုံများကို တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှ အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။ နှီးနှောဖလှယ်ပွဲသို့ သွေးသွင်းကုသမှုဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နိုင်ငံတကာမှ ပညာရှင်များ၊ စုစုပေါင်း (၁၆၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိခြင်း





မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုလုပ်ငန်းကို (၂၀၀၁) ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ (၂၀၀၁) ခုနှစ်တွင် (၂) တွဲ၊ (၂၀၀၂) ခုနှစ်တွင် (၂) တွဲ၊ (၂၀၀၄) ခုနှစ်တွင် (၃) တွဲ၊ (၂၀၁၅) ခုနှစ်တွင် (၄) တွဲ၊ (၂၀၁၆) ခုနှစ်တွင် (၁၉) တွဲ၊ (၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလတွင် (၂) တွဲတို့အား အခမဲ့ အောင်မြင်စွာ အစားထိုး ခွဲစိတ်ကုသ ပေးနိုင်ခဲ့ပါသည်။ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကော်မတီတွင် ဆေးရုံအုပ်ကြီးဦးဆောင်၍ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုများ (ဖျားနာ၊ နှလုံးအထူးကု၊ ရောဂါဗေဒ၊ ဓာတ်မှန်၊ မေ့ဆေး၊ ဆီးနှင့်ကျောက်ကပ်ဆေးပညာ၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်၊ နှလုံး ခွဲစိတ်၊ နှလုံးဆေးကု၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ စိတ်ရောဂါပညာဌာန၊ သွားဆေးကုဌာန၊ အမျိုးသားသွေးလှူဘဏ်ဌာနနှင့်အဏုမြူရောင်ခြည်ဌာန) များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

## မွေးကင်းစကလေးအထူးကြပ်မတ်တိုးချဲ့ကုသဆောင်နှင့် ကျွမ်းကျင်မှုအခြေပြု လုပ်ငန်းခွင်စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ လက်တွေ့လေ့ကျင့်ရေးအခန်း ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၌ ဖွင့်လှစ်ခြင်း





အမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၏ မွေးကင်းစကလေး အထူးကြပ်မတ်တိုးချဲ့ကုသဆောင် (Neonatal Intensive Care Unit, NICU)နှင့် ကျွမ်းကျင်မှုအခြေပြု လုပ်ငန်းခွင်စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ လက်တွေ့ လေ့ကျင့်ရေးအခန်း (Skill Competency Practice Center) ဖွင့်ပွဲအခမ်းအနားကို (၂၆-၂-၂၀၁၇) ရက်နေ့တွင် ကျင်းပခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်နှင့် Skill Competency Practice Center တို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းအပေါ် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း အလှူရှင်များကိုလည်း ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကိုယ်အလေးချိန် ပေါင်မပြည့်မီသော ကလေးများ၊ မွေးရာပါရောဂါခံစားနေရသောကလေးများနှင့် မွေးကင်းစကလေး များကို အထူးကြပ်မတ်ကုသရန် လိုအပ်ပါက ယခုကဲ့သို့သော ဌာနမျိုးသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာနှင့် ပစ္စည်းကိရိယာစုံလင်စွာဖြင့် အရည်အသွေးမြင့်မားစွာ ကုသပေးနိုင်မည်ဖြစ်၍ ကလေးငယ်များ၏ အသက်ရှင်သန်နှုန်း မြင့်မားလာမည်ဖြစ်ပြီး ဉာဏ်ရည်ပိုင်းနှင့် ကိုယ်ကာယဖွံ့ဖြိုးမှုပိုင်းတို့တွင် အခြားကလေးငယ်များနည်းတူ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ မိခင်နို့တိုက်ကျွေးရေးလုပ်ငန်းများလည်း ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လက်တွေ့လေ့ကျင့်ရေးခန်းမများမှတဆင့် အရည်အသွေးမြင့်မားစွာကုသစောင့်ရှောက်မှုပေးနိုင်မည့် ကျန်းမာရေးဝန်ထမ်းများကို ပိုမို မွေးထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ လူနာများအနေဖြင့်လည်း အရည်အသွေးပြည့်ဝသော ကုသမှုများ ပိုမိုရရှိလာမည်ဖြစ်ပြီး မိခင်နှင့်ကလေးသေဆုံးနှုန်း ကျဆင်းလာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ပပမှ ဆေးရုံအကြောင်းရှင်းလင်းတင်ပြခဲ့ပြီး ပါမောက္ခ/ဌာနမှူး(မွေးကင်းစ) (ငြိမ်း) ဒေါက်တာဒေါ်အေးအေးသိန်းမှ မွေးကင်းစကလေး အထူးကြပ်မတ်တိုးချဲ့ကုသဆောင် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ပါမောက္ခ/ဌာနမှူး (သားဖွားမီးယပ်ပညာဌာန)၊ ဒေါက်တာဒေါ်စမ်းစမ်းမြင့်မှ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့ပါသည်။ ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ ဒေါက်တာမြင့်ဟန်မှ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ပါသည်။

## (၄၅)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကျင်းပခြင်း



(၄၅)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံကို (၉-၁-၂၀၁၇) မှ (၁၃-၁-၂၀၁၇) ရက်နေ့ အထိ ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ညီလာခံဖွင့်ပွဲ အခမ်းအနားကို (၁၀-၁-၂၀၁၇) ရက်နေ့တွင် ဆေးသုတေသနဌာနဦးစီးဌာန အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်နှင့်နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင် ဆေးသုတေသန ပညာရှင်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် စာတမ်းရှင်များ၊ နိုင်ငံခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။ ညီလာခံ၏ စာတမ်းဖတ်ပွဲတွင် သုတေသနစာတမ်းပေါင်း (၁၀၃)စောင်၊ သုတေသနပိုစတာ (၅၆)စောင်၊ ပညာရပ်ဆိုင်ရာဟောပြောပွဲ (၁)ခုနှင့် နှီးနှောဖလှယ်ပွဲ (၁၁)ခုတို့ကို ပြုလုပ်ခဲ့ပါသည်။

သုတေသနညီလာခံသို့ မြန်မာနိုင်ငံနှင့် ဂျပန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ အင်ဒိုနီးရှား၊ အစ္စရေး၊ နယူးဇီလန်၊ ကိုရီးယားနိုင်ငံတို့မှ သုတေသန ပညာရှင်ကြီးများနှင့် သုတေသီများက ဟောပြောကြရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

## Responsible Conduct of Research and Research Methodology Workshop ကျင်းပခြင်း




ကျန်းမာရေးသုတေသနလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆေးသုတေသနဦးစီးဌာနမှ နှစ်စဉ် ဖွင့်လှစ်ပို့ချပေးသည့် "Responsible Conduct of Research and Research Methodology Workshop" ဖွင့်ပွဲအခမ်းအနားကို (၇-၂-၂၀၁၇) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)၌ ကျင်းပပြုလုပ်ခဲ့ရာ ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့် က Video Conferencing System ဖြင့် ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)မှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဖွင့်ပွဲသို့ ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(မန္တလေး)၊ သူနာပြုတက္ကသိုလ် (မန္တလေး)နှင့် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ အထူးဖိတ်ကြားထားသူများ၊ သင်တန်းပို့ချမည့်သူများ၊ ကြီးကြပ်ပံ့ပိုးသူများနှင့် သင်တန်းသား/သူများတက်ရောက်ခဲ့ပါသည်။ သင်တန်းအား (၇-၂-၂၀၁၇) မှ (၁၁-၂-၂၀၁၇) ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ပြီး စုစုပေါင်း (၆၈) ဦး တက်ရောက်ခဲ့ကာ ဆေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များက သုတေသနနည်းစနစ်များကို သင်ကြားပို့ချခဲ့ပါသည်။

## Symposium on "Development of eHealth in Myanmar" ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ ကြီးမှူး၍ ကျင်းပသည့် Symposium on "Development of eHealth in Myanmar" ဖွင့်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ (၂၅)ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန၊ အဆင့်မြင့်မော်လီကျူးသုတေသနဌာန အစည်းအဝေးခန်းမ (၂)၌ ကျင်းပပြုလုပ်ခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။ Symposium တွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနေဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အထူးဖိတ်ကြားထားသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခများ၊ ဆေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (သုတေသန)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)တို့က eHealth ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

## မွေးရာပါနှုတ်ခမ်းကွဲအာခေါင်ကွဲလူနာများအား အခမဲ့ ခွဲစိတ်ကုသပေးခြင်း





ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးတွင် ကမ္ဘာ့ဗအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းနှင့် စင်္ကာပူနိုင်ငံအခြေစိုက် Smile Asia Mission အဖွဲ့တို့ ပူးပေါင်း၍ (၅-၂-၂၀၁၇) မှ (၈-၂-၂၀၁၇) ရက်နေ့အထိ မွေးရာပါ နှုတ်ခမ်းကွဲအာခေါင်ကွဲလူနာများဖြစ်သည့် (၁)နှစ်အောက်ကလေး (၇)ဦး၊ (၁)နှစ်မှ (၁၅)နှစ်ကြားကလေး (၆၀)ဦး၊ (၁၅)နှစ်နှင့် အထက် (၁၄)ဦး၊ စုစုပေါင်း လူနာ(၈၁)ဦးအား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ပါသည်။

တောင်ကြီးမြို့၊ အမျိုးသမီးနှင့်ကလေးဆေးရုံအုပ်ကြီး၊ မေ့ဆေးဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၏ ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် ခွဲစိတ်ကုသပေးမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များမှ လာရောက် ကြည့်ရှု အားပေးခဲ့ကြပါသည်။

## "Workshop on Review and Revision of Midwifery Diploma Curriculum" အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် Jhpiego, 3MDG အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် Workshop on Review and Revision of Midwifery Diploma Curriculum အလုပ်ရုံဆွေးနွေးပွဲကို (၁၇-၁-၂၀၁၇) မှ (၂၀-၁-၂၀၁၇) ရက်နေ့အထိ နေပြည်တော်၊မင်္ဂလာသီရိဟိုတယ်၌ကျင်းပခဲ့ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာတင်တင်လေးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ သင်ကြားရေးဆရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သူနာပြု၊ သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်၊ နည်းပြများနှင့် Jhpiego မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် ဘက်စုံသားဖွားဒီပလိုမာ သင်ရိုးညွှန်းတမ်းကို နိုင်ငံတကာနှင့်




လိုက်လျောညီထွေဖြစ်စေရေး၊ မိမိနိုင်ငံ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရေးအတွက် ခေတ်နှင့်လျော်ညီစွာ ထပ်မံဖြည့်စွက်သင့်သည်များကို ဖြည့်စွက်၍ ဘာသာရပ်အလိုက်အစုအဖွဲ့များဖြင့် ဆွေးနွေးခဲ့ကြပါသည်။

## သူနာပြုနှင့် သားဖွားပညာရပ်ဆိုင်ရာ သုတေသနနှင့် သင်ရိုးညွှန်းတမ်းဆွေးနွေးပွဲများ ကျင်းပခြင်း

သူနာပြုနှင့် သားဖွားပညာရပ်ဆိုင်ရာ သုတေသနနှင့် သင်ရိုးညွှန်းတမ်းဆွေးနွေးပွဲအား ဖေဖော်ဝါရီလ (၆)ရက်နေ့မှ (၇)ရက်နေ့အထိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းဆောင်ရွက်၍ သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်၌ကျင်းပခဲ့ပါသည်။ "Training Workshop on Strengthening the Research Culture for Faculty Members in Nursing and Midwifery Training Schools" အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ် (မန္တလေး)တို့မှ ပါမောက္ခ/ဌာနမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်၊ နည်းပြနှင့် ဒုနည်းပြ စုစုပေါင်း (၄၀)ဦးတို့သည် သူနာပြုစုမှု အရည်အသွေးများ ပိုမိုရရှိလာစေရန်နှင့် သုတေသနပညာရပ်ကို အခြေခံသည့်ပြုစုမှုဖြစ်ရေးအတွက် ခေတ်နှင့်လျော်ညီသော သုတေသနပညာရပ်ဆိုင်ရာများကို မွမ်းမံ ပို့ချ ဆွေးနွေးကြပါသည်။

ဆက်လက်၍ ဖေဖေါ်ဝါရီလ (၉)ရက်နေ့မှ (၂၁)ရက်နေ့အထိ သူနာပြု တက္ကသိုလ်(ရန်ကုန်)၌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်



ဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော သူနာပြုဘွဲ့ကြို သင်ရိုးညွှန်းတမ်းများ (သူနာပြုသိပ္ပံ-ပုံမှန်/ပေါင်းကူး၊ သူနာပြု-သားဖွား ဒီပလိုမာ) ပြုပြင်ရေးဆွဲခြင်း "Development of Course Outlines and Lesson Plans for Undergraduate Nursing Programmes" ဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခဲ့ပါသည်။

## ဆေးဝါးဘေးထွက်ဆိုးကျိုးစောင့်ကြပ်ကြည့်ရှုမှုစနစ် (Drug Safety Network) အသုံးပြုပုံအား အများပြည်သူသိရှိနိုင်စေရန် အသိပေးကြေညာချက်ထုတ်ပြန်ခြင်း




ဆေးဝါးများ၏ အန္တရာယ်ကင်းရှင်းမှု (Drug Safety) အတွက် ဆရာဝန် ညွှန်ကြားချက်ဖြင့် ဆေးဝါးများကို အများပြည်သူတို့ မှီဝဲသုံးစွဲရာတွင် ဖြစ်ပေါ်လာ နိုင်သည့် ဆေး၏ဘေးထွက်ဆိုးကျိုး စောင့်ကြပ်ကြည့်ရှုခြင်းစနစ်ကို အားဖြည့်တိုးမြှင့် ဆောင်ရွက်ရန်အတွက် အထူးလိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ဆရာဝန်/သူနာပြု/ဆေးဝါးကျွမ်းကျင်/ ကျန်းမာရေးမှူး အစရှိသည့် ကျန်းမာရေး ဝန်ထမ်းများအားလုံးအနေဖြင့် ပြည်သူများ ဆေးဝါးမှီဝဲသုံးစွဲရာမှ ဖြစ်ပေါ်လာနိုင်သောမလိုလားအပ်သည့်ဆိုးကျိုးများကိုသိရှိရန်နှင့် ကုသရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် SMS စနစ်ဖြင့် ADR (Adverse Drug Reaction) Reporting ကို အချိန်နှင့်တပြေးညီ သိရှိဖြေရှင်းနိုင်ရန် Drug Safety Network ကို ADR Reporting Application အဖြစ် Android နှင့် iOS နှစ်မျိုးလုံးတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၄) ရက်နေ့တွင် စတင်၍ FDA ၏ Website ဖြစ်သော www. fdamyanmar. gov.mm တွင် အခမဲ့ download ဆွဲ၍ အသုံးပြုနိုင်ပြီဖြစ်ပါသည်။

## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေး၏ ဆောင်ရွက်ချက်များ



မန္တလေးတိုင်းဒေသကြီး၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် (၂၇-၁-၂၀၁၇)ရက်နေ့၌ ပြုလုပ်သော သစ်သီးဝလံ အခြေခံ စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းနှင့် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်းပညာသင်တန်း၌ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေးမှ တာဝန်ရှိသူများသည် အစား အသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် လျှောက်ထားရာတွင် လိုအပ်သည့်အချက်များ၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့် စပ်လျဉ်းသောအချက်များကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

မန္တလေးတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေးမှ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများ ပြုလုပ်လျက်ရှိပါသည်။

(၁၉-၁-၂၀၁၇)ရက်နေ့တွင် မန္တလေး နန်းတွင်းရန်အောင်မြေခန်းမ၊ (၂၀-၁-၂၀၁၇)ရက်နေ့တွင် ထီးတော်မိုးမြို့နယ်ရှိ အမှတ်(၂) စစ်ကြောရေးနှင့် တည်းခိုရေးတပ်တွင်လည်းကောင်း၊ (၂၃-၁-၂၀၁၇) ရက်နေ့တွင် အမရပူရမြို့နယ်ရှိ အမှတ်(၂) ပင်မအလုပ်ရုံ (လျှပ်စစ်) တွင်လည်းကောင်း၊ တပ်တွင်းရှိ အရာရှိအရာခံ၊ အကြပ်တပ်သားများ၊ ရဲမေများ၊ မှီခိုသူမိသားစုများအား ဆိုးဆေးအန္တရာယ် အကြောင်း အသိပေးဟောပြောခဲ့ပါသည်။ (၃၀-၁-၂၀၁၇) ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အမှတ်(၄)ခြေလျင်တပ်ရင်း၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ ဆေးဝါးများ သုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စပ်ဆေးများ၊ ဆေးဝါးအတုများနှင့် ပတ်သက်၍ သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

## မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့၊ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏတွင် ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဒေါက်တာမြင့်ဟန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့ချုပ်များ ရွေးချယ်တင်မြောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ပြန်လည်ဖွဲ့စည်းနိုင်ရေး၊ တစ်မျိုးသားလုံးကျန်းမာသန်စွမ်းရေးနှင့် အားကစားနည်း အလိုက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျောင်းအားကစားလုပ်ငန်း များပိုမိုတိုးတက်အောင် ဖော်ဆောင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြပါသည်။

## မြန်မာ- ထိုင်းအားကစားကဏ္ဍတိုးတက်ရန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအဆင့်တွေ့ဆုံဆွေးနွေးခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ထိုင်းနိုင်ငံ၊ ဟိုတယ်ခရီးနှင့်အားကစားဝန်ကြီး H.E. Mrs. Kobkarn Wattanavrangkul နှင့် ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံကာ ASEAN School Sport Council တွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်အဖြစ် ပါဝင်လာနိုင်ရေး၊ မြန်မာနိုင်ငံရှိ ကျောင်းနေရွယ်ကလေးများ စာသင်ကျောင်းတွင် အားကစားကို ပိုမိုပါဝင်လှုပ်ရှားနိုင်ရေးနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ အားကစားကဏ္ဍ ယခုထက် ပိုမို၍ တိုးတက် အောင်မြင်အောင် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ အားကစားနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်သွားမည့်အဆင့်သို့ အမြန်ဆုံးရောက်ရှိအောင် ညှိနှိုင်း ဆောင်ရွက်သွားရန် သဘောတူခဲ့ကြပါသည်။



## နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ဆုတံဆိပ်များ ဆွတ်ခူးရရှိခြင်း



၂၀၁၇ခုနှစ်၊ (၆) ကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲ 6th South East Asian Championship ကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့မှ (၂၃)ရက်နေ့ အထိ ရန်ကုန်မြို့၊ ကျိုက္ကဆံ မြားပစ်ကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အိမ်ရှင်မြန်မာအပါအဝင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူနှင့် ဟောင်ကောင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာမြားပစ်အသင်းမှ ရွှေ (၂)ခု၊ ငွေ (၄)ခု၊ ကြေး (၆)ခု ဖြင့်နိုင်ငံအလိုက် ဒုတိယဆုရရှိခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံ Siem Reap ၌ ဇန်နဝါရီလ (၁၁) ရက်မှ (၁၄) ရက်နေ့ထိ ကျင်းပပြုလုပ် သည့် (၄) ကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ် Championship ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှအားကစားသမား(၂)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး စုစုပေါင်း ရွှေ (၂)ခု၊ ငွေ (၂)ခု၊ ကြေး (၄)ခု ရရှိခဲ့ကြပါသည်။ Brunei Open Fencing Championship 2017 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားသမား(၃)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် Individual Women Foil ပြိုင်ပွဲတွင် ငွေ (၁)ခု၊ Individual Men Foil ပြိုင်ပွဲတွင် ငွေ (၁)ခုနှင့် Individual Men Epee ပြိုင်ပွဲတွင် ကြေး (၁)ခုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ပါသည်။

## 2017 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပခြင်း

2017 Leopalace 21 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီလ (၂၆) ရက် နေ့မှ (၂၉) ရက်နေ့ထိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ Todd SINNOTT (ဩစတြေးလျ) က သတ်မှတ်ရိုက်ချက်ထက် (၁၄) ချက် လျှော့ရိုက်ပြီး ပထမ၊ Carlos PIGEM (စပိန်)က သတ်မှတ်ရိုက်ချက်ထက် (၁၁) ချက်လျှော့ရိုက်ပြီး ဒုတိယ၊ Sungjae (တောင်ကိုရီးယား)၊ TM Miguel TABUENA (ဖိလစ်ပိုင်)နှင့် K.T.KTM (တောင်ကိုရီးယား) တို့က (၁၀)ချက်စီဖြင့် တတိယရရှိခဲ့ပါသည်။ ချန်ပီယံဆုရရှိခဲ့သော ဩစတြေးလျနိုင်ငံသား Todd SINNOTT အား Leopalace 21 ဥက္ကဌ Mr. Eisei Miyama က ဆုကြေးငွေ ဒေါ်လာ ၁၃၅၀၀၀နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ချန်ပီယံဆုဖလားတို့အား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။



## ဝါရင့်အားကစားကလောင်ရှင်များအားဂါရဝပြုကန်တော့ပွဲနှင့် မြန်မာလက်ရွေးစင်အကောင်းဆုံးအားကစားသမားများဆုပေးပွဲကျင်းပခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပူးပေါင်းကူညီ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ်၊ အသက် (၇၀)နှစ် အထက် သက်ကြီးဝါရင့် အားကစား ကလောင်ရှင်များအား ဂါရဝပြုကန်တော့ပွဲနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် မြန်မာ့အကောင်းဆုံး အားကစားသမားများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ၊ ဆုရအားကစားသမားများ တက်ရောက်ကြပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုကို ဇော်ဇော်အောင် (ပိုက်ကျော်ခြင်း)၊ ဝင်းထိုက် (ကနူး-လှေလှော်)၊ အောင်သူ (ဘောလုံး)၊ ဖြူဖြူသန့် (ပိုက်ကျော်ခြင်း)နှင့် အေးသစ္စာမြင့် (ဂျူဒို) တို့က ရရှိခဲ့ကြပါသည်။

## (၆၂) ကြိမ်မြောက်အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပခြင်း



(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြိုပထမအကြိမ် လူရွေးပွဲနှင့် (၆၂) ကြိမ်မြောက်အမျိုးသား တံခွန်စိုက် (ဝန်ကြီးဌာန ပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ (၂၁)ရက်နေ့မှ (၂၄) ရက်နေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ဝင်းအတွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဒိုင်းရရှိသွားသော စည်ပင်သာယာရေးအသင်းနှင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းရရှိသွားသော ကာကွယ်ရေးအသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆု (၁၀)သိန်းစီကိုလည်းကောင်း၊ အမျိုးသား/ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသွားသော ကာကွယ်ရေးအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆု (၁၅)သိန်းအား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်မှ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။

## (၂၀၁၇) ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့သည့် အစည်းအဝေး/အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ

### ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | အာရှဖွံ့ဖြိုးရေးဘဏ်၏ JFPR-9176 (MYA) စီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |
| ၂ | PEPFAR အဖွဲ့နှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၄၅) ဦး |
| ၃ | တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(Ethnic Health Organization - EHO) Karen Department of Health and Welfare (KDHW) မှ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့်ပူးပေါင်း၍ မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကာကွယ်ရေးလုပ်ငန်းများ (PMTCT) ဆောင်ရွက်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၄ | အီလက်ထရောနစ် ကျန်းမာရေးသတင်းစနစ် (ခုခံကျ/ကာလသား၊ တီဘီ၊ ငှက်ဖျား) လုပ်ငန်းညှိနှိုင်းအစည်းအဝေး (ATM e-health Working Group Meeting) | အစည်းအဝေး | (၃၀) ဦး |
| ၅ | အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆ -၂၀၂၀) အကျဉ်းချုပ်ရှင်းလင်းတင်ပြသည့်အစည်းအဝေး | အစည်းအဝေး | (၂၃) ဦး |
| ၆ | Karen Department of Health and Welfare (KDHW) မှ ကျန်းမာရေးဝန်ထမ်းများအတွက် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကာကွယ်ရေးလုပ်ငန်းများ (PMTCT) ဆောင်ရွက်ရန်အတွက် သင်တန်းပေးခြင်း | သင်တန်း | (၈၆) ဦး |

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | တီဘီလူနာကုသမှုရလဒ်ဆိုင်ရာသင်တန်း | သင်တန်း | (၁၁၀၀) ဦး |
| ၂ | သလိပ်လက်ခံပေးပို့မှုဆိုင်ရာသင်တန်း | သင်တန်း | (၅၃၇) ဦး |
| ၃ | တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာနှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသင်တန်း | သင်တန်း | (၁၃၀) ဦး |
| ၄ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက်တီဘီရောဂါတိုက်ဖျက်ရေးစီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၆၄၁) ဦး |
| ၅ | ဇီဝလုံခြုံမှုအဆင့်(၃)ဓါတ်ခွဲပစ္စည်းများပြုပြင်ထိန်းသိမ်းခြင်းသင်တန်း | သင်တန်း | (၁၀) ဦး |
| ၆ | ဆေးယဉ်ပါးတီဘီဆိုင်ရာ Electronic Patient Management System (OpenMRS) အစည်းအဝေး | အစည်းအဝေး | (၃၆) ဦး |
| ၇ | Technical Strategic Group (TSG-TB) အစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |
| ၈ | ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာမှတ်တမ်းတင်ခြင်းနှင့်အစီရင်ခံခြင်းပုံစံများသင်တန်း | သင်တန်း | (၅၀) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၉ | ပြည်သူ့ဆေးရုံကြီးများတွင် တီဘီရောဂါတိုက်ဖျက်ရေးစီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၁၃) ဦး |
| ၁၀ | ဓါတ်ခွဲဝန်ထမ်းများအတွက် သလိပ်မှန်ဘီလူးကြည့်တီဘီဓါတ်ခွဲသင်တန်း | သင်တန်း | (၂၁) ဦး |
| ၁၁ | ဆေးယဉ်ပါးတီဘီလူနာမှတ်တမ်းများကိုအီလက်ထရောနစ်စနစ်ဖြင့် အသုံးပြုခြင်းသင်တန်း | သင်တန်း | (၃၀) ဦး |
| ၁၂ | တီဘီရောဂါဆိုင်ရာရင်ခေါင်းဓါတ်မှန်ဖတ်ခြင်းဆရာဖြစ်သင်တန်း | သင်တန်း | (၃၀) ဦး |
| ၁၃ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက်ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးစီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၅၁) ဦး |
| ၁၄ | Tuberculin Test သင်တန်း | သင်တန်း | (၃၂) ဦး |
| ၁၅ | TB Advocacy, communication and social mobilization (ACSM) အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၆၀) ဦး |
| ၁၆ | အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက် Orientation on Monitoring & Evaluation အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၀) ဦး |
| ၁၇ | 3MDG supported Prison health facilities Project Board Meeting အစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၁၈ | Symposium on Lessons learned on Treatment and Scale-up of Care for Drug Resistant TB Care in Asia and Africa အစည်းအဝေး | အစည်းအဝေး | (၂၇) ဦး |
| ၁၉ | (၂၀၁၇-၂၀၁၈)ခုနှစ်တွင် နိုင်ငံတစ်ဝှမ်းတီဘီရောဂါစစ်တမ်းကောက်ယူရန် ဒုတိယအကြိမ် အစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |

## ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ၂၀၁၆ ခုနှစ်၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးကျွေးခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၆၉) ဦး |
| ၂ | ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက် ပထမ(၃)လပတ် လုပ်ငန်းဆောင်ရွက်မှုပြန်လည်ဆန်းစစ်ခြင်းနှင့် နောက်(၃)လပတ် ဆောင်ရွက်မည့်လုပ်ငန်းများရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၇၀) ဦး |
| ၃ | ငှက်ဖျားရောဂါဆိုင်ရာစာရင်းဇယားများကိုအင်တာနက်နှင့်ချိတ်ဆက်၍Google earth ဖြင့် ရေးဆွဲခြင်း သင်တန်း(QGIS) | သင်တန်း | (၂၅) ဦး |
| ၄ | ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင်ငှက်ဖျားဆေး လူအားလုံးတိုက်ကျွေးခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၆၀) ဦး |

## အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးသင်တန်း | သင်တန်း | (၃၇၂) ဦး |
| ၂ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် Prevention of Disability (POD) မွမ်းမံသင်တန်း | သင်တန်း | (၂၇၆) ဦး |

## မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှဂန်ထမ်းများအား အခြေခံအသက်ကယ် ပြုစုနည်း (Bystander Resuscitation Training Program) သင်တန်း | သင်တန်း | (၇၄) ဦး |
| ၂ | နားလေးရောဂါကာကွယ်တိုက်ဖျက်ရေးစီမံချက်မှ မွေးကင်းစနှင့် တစ်နှစ်အောက်ကလေးများ နားအကြားစစ်ဆေးရေးအလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၈) ဦး |
| ၃ | နာတာရှည်အဆုတ်နှင့်အသက်ရှူလမ်းဆိုင်ရာစီမံချက်မှ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများသင်တန်း | သင်တန်း | (၇၅) ဦး |
| ၄ | မကူးစက်နိုင်သောရောဂါများကာကွယ်ကုသရေးဆိုင်ရာအမျိုးသားမဟာဗျူဟာစီမံကိန်း (National Strategic Plan on NCDs) (၂၀၁၇–၂၀၂၂) အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၆၁) ဦး |

## အခြေခံကျန်းမာရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | လူမှုရေးဆိုင်ရာစာရင်းအင်းများနှင့် မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာစာရင်းအင်းများလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၁၅) ဦး |

## အာဟာရဖွံ့ဖြိုးရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | လတ်တလောအာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံးလမ်းညွှန် အသိပေး ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၄၁) ဦး |
| ၂ | မြန်မာနိုင်ငံ အဏုအာဟာရနှင့်အစာစားသုံးမှုစစ်တမ်း (Myanmar Micronutrient and Food Consumption Survey) ကောက်ယူရေးညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၄) ဦး |
| ၃ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် အာဟာရဘာသာရပ် သင်ကြားပို့ချခြင်း | သင်တန်း | (၅၀) ဦး |
| ၄ | သားဖွားသင်တန်းကျောင်း၊ နေပြည်တော်တွင် အာဟာရဘာသာရပ် သင်ကြားပို့ချခြင်း | သင်တန်း | (၄၆) ဦး |
| ၅ | Universal Health Coverage အသိပေး ရှင်းလင်းဆွေးနွေးပွဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ | ဆွေးနွေးပွဲ | (၉၀) ဦး |
| ၆ | ကမ္ဘာ့အာဟာရမြှင့်တင်ခြင်း (SUN Nutrition Stock Taking Exercise) ဆက်လက်ဆောင်ရွက် နိုင်ရေးအစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |

## မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | Pathways to Post abortion Care in Three Regions of Myanmar အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၀) ဦး |
| ၂ | Post abortion Care အတွက် Standard Operating Procedure (SOP) ပြုစုခြင်း အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၄) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၃ | Finalization of MRH Evidence Based Intervention Packages အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၃၃) ဦး |
| ၄ | မိခင်သေဆုံးမှုဆိုင်ရာစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်း (Maternal Death Surveillance Response - MDSR) အသိပေးဆွေးနွေးပွဲနှင့်သင်တန်း၊ ပဲခူးတိုင်းဒေသကြီး | ဆွေးနွေးပွဲနှင့် သင်တန်း | (၆၅) ဦး |
| ၅ | လက်မောင်းအရေပြားအောက်ထည့်သားဆက်ခြားပစ္စည်းထည့်သွင်းခြင်း (Long Acting Reversible Contraception Implant) သင်တန်း၊ ဘားအံပြည်သူ့ဆေးရုံကြီး၊ ကရင်ပြည်နယ် | သင်တန်း | (၁၇) ဦး |

## ကလေးကျန်းမာရေးဖွံ့ဖြိုးရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | Universal Health Coverage Coverage အသိပေးရှင်းလင်းဆွေးနွေးပွဲ၊ မွန်ပြည်နယ် | အစည်းအဝေး | (၅၆) ဦး |
| ၂ | ငါးနှစ်အောက်ကလေးသေဆုံးမှုဆန်းစစ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း သင်တန်း ကချင်ပြည်နယ်၊ မြစ်ကြီးနား | သင်တန်း | (၁၁) ဦး |
| ၃ | ငါးနှစ်အောက်ကလေးသေဆုံးမှုဆန်းစစ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း သင်တန်း ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သနပ္ပင်မြို့နယ်၊ ဝေါမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ပြည်မြို့နယ်၊ ပေါင်းတည်မြို့နယ် | သင်တန်း | (၄၀၀) ဦး |

## ကျောင်းကျန်းမာရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ပြည်နယ်အဆင့်ကျောင်းကျန်းမာရေးလုပ်ငန်းများဆင့်ပွားသင်တန်း၊ မွန်ပြည်နယ် | သင်တန်း | (၃၄) ဦး |
| ၂ | ပြည်နယ်အဆင့်ကျောင်းကျန်းမာရေးလုပ်ငန်းများဆင့်ပွားသင်တန်း၊ ကယားပြည်နယ် | သင်တန်း | (၃၀) ဦး |
| ၃ | ပြည်နယ်အဆင့်ကျောင်းကျန်းမာရေးလုပ်ငန်းများဆင့်ပွားသင်တန်း၊ ကရင်ပြည်နယ် | သင်တန်း | (၃၀) ဦး |
| ၄ | Health Promoting School Activity ကြီးကြပ်ခြင်းနှင့်ဆင့်ပွားသင်တန်းများ၊ ကရင်ပြည်နယ် | သင်တန်း | (၃၀) ဦး |
| ၅ | Program for Improving Female Personal Hygiene through School Health Education among Young Girls အစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |

## လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲသို့ တာဝန်ချထားခြင်းခံရသော ဆရာဝန်များအား ပို့ချသည့် "Orientation Training Course on Occupational and Environmental Health"သင်တန်း | သင်တန်း | (၃၈) ဦး |

### သဘာဝဘေးနှင့်ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | Finalizing the draft proposal for "Buildings Resilience of Health System in Myanmar to Climate Change" အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၃၃) ဦး |
| ၂ | ဘေးအန္တရာယ်နှင့်အရေးပေါ်အခြေအနေကျန်းမာရေးစီမံခန့်ခွဲမှုသင်တန်း (Disaster and Emergency Health Management Training)၊ စစ်ကိုင်းတိုင်းဒေသကြီး | သင်တန်း | (၃၇) ဦး |
| ၃ | ဘေးအန္တရာယ်နှင့်အရေးပေါ်အခြေအနေကျန်းမာရေးစီမံခန့်ခွဲမှုသင်တန်း (Disaster and Emergency Health Management Training)၊ ရခိုင်ပြည်နယ် | သင်တန်း | (၃၄) ဦး |

### ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းသင်တန်း | သင်တန်း | (၃၀) ဦး |
| ၂ | အသည်းရောင်အသားဝါရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရန်ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၇၀) ဦး |
| ၃ | ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေအသစ်ပြန်လည်ရေးဆွဲရေးအစည်းအဝေး | အစည်းအဝေး | (၃၅) ဦး |
| ၄ | အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်နှင့် Global Health Security Agenda ပါလုပ်ငန်းများအား ဆန်းစစ်နိုင်ရန်အတွက် Joint External Evaluation ဆောင်ရွက်ရန်ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၇၀) ဦး |
| ၅ | Joint External Evaluation Assessment Team သင်တန်း | သင်တန်း | (၃၀) ဦး |
| ၆ | Training on Internal Assessment Teams for Joint External Evaluation သင်တန်း | သင်တန်း | (၇၀) ဦး |

### တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ ဆေးပစ္စည်းများစီမံခန့်ခွဲမှုသတင်းစနစ် (eLMIS) နှင့် Monthly Compilation form finalization and VPD analysis tool သင်တန်း | သင်တန်း | (၅၀) ဦး |
| ၂ | (၂၀၁၇) ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံပေးသွားမည့် အစီအစဉ် (JE Campaign Planning Meeting)အတွက် ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |

### ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံအချက်အလက်စစ်တမ်း MDHS (2015-16) လုပ်ငန်းကော်မတီသတ္တမအကြိမ်အစည်းအဝေး | အစည်းအဝေး | (၅၂) ဦး |

## ကုသရေးဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါနှင့် အစုလိုက်အပြုံလိုက် ကျရောက်တတ်သည့်ဘေး အန္တရာယ်များနှင့် ပတ်သက်သည့် အရေးပေါ်အခြေအနေများတွင် ထိရောက်စွာ ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၁၅) ဦး |
| ၂ | ရန်ကုန်-မန္တလေးအမြန်လမ်း အရေးပေါ်လူနာတင်ယာဉ်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၃ | သွေးသွင်းကုသခြင်း၊ Hemopoietic System Cell အစားထိုးကုသခြင်းနှင့် ကျန်းမာရေးသတင်း အချက်အလက်ဆိုင်ရာလုပ်ငန်းများ၊ လေ့လာရေးခရီးစဉ်များနှင့်ပတ်သက်၍ အသိပညာဖလှယ် ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၀) ဦး |
| ၄ | သူနာပြုစုမှုဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၅၀) ဦး |
| ၅ | ခေါင်းဆောင်မှုသင်တန်းနှင့် (၁၁)ကြိမ်မြောက် အာဆီယံကျန်းမာရေးနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ကိုယ်စားလှယ် များအစည်းအဝေးမှ ရရှိခဲ့သည့် အတွေ့အကြုံများအား အသိပညာဖလှယ်ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၀) ဦး |
| ၆ | သွေးအုပ်စုစစ်ဆေးခြင်းဆိုင်ရာနည်းပညာသင်တန်း | သင်တန်း | (၂၉) ဦး |
| ၇ | မြန်မာနိုင်ငံသွေးသွင်းကုသမှုလုပ်ငန်း နှစ်ပတ်လည် ဆန်းစစ်ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၅၀) ဦး |
| ၈ | သူနာပြုများ၏ သွေးသွင်းကုသမှုလုပ်ငန်းဆိုင်ရာတာဝန်ဝတ္တရားများနှင့်ပတ်သက်၍ အရည်အသွေး မြှင့်တင်ခြင်းသင်တန်း | သင်တန်း | (၁၁) ဦး |
| ၉ | သွေးသွင်းကုသမှုပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ | အခမ်းအနား | (၁၆၀) ဦး |
| ၁၀ | တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံကြီးများမှ ရောဂါဗေဒပညာရှင်များနှင့်တွေ့ဆုံပွဲ | တွေ့ဆုံပွဲ | (၄၇) ဦး |
| ၁၁ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံခြင်း | အစည်းအဝေး | (၁၄) ဦး |
| ၁၂ | ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်းအတွက်ကျွမ်းကျင်ပညာရှင်များနှင့်တွေ့ဆုံခြင်း | အစည်းအဝေး | (၁၂) ဦး |
| ၁၃ | ကာလသားရောဂါစစ်ဆေးခြင်းအတွက် အရည်အသွေးဆန်းစစ်ခြင်းသင်တန်း | သင်တန်း | (၂၆) ဦး |
| ၁၄ | မြို့နယ်ကုသရေးဦးစီးဌာနမှူးသင်တန်း (၁/၂၀၁၇) | သင်တန်း | (၄၆) ဦး |
| ၁၅ | သွားဘက်ဆိုင်ရာဆရာဝန်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေးအတွက် မွမ်းမံသင်တန်း အမှတ်စဉ်(၇) | သင်တန်း | (၇၅) ဦး |
| ၁၆ | Case Conference on Medical Social Work ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၉၀) ဦး |
| ၁၇ | ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်းအတွက် ကျွမ်းကျင်ပညာရှင်နှင့် တွေ့ဆုံခြင်း | တွေ့ဆုံပွဲ | (၁၀) ဦး |
| ၁၈ | Accelerating ART initiation among Mothers and Infants (AAMI) (၄)လပတ်အစည်းအဝေး | အစည်းအဝေး | (၁၃) ဦး |
| ၁၉ | လုပ်ငန်းဆန်းစစ်အစည်းအဝေး NCGM Project | အစည်းအဝေး | (၃၃) ဦး |
| ၂၀ | Pandemic Influenza Preparedness အစည်းအဝေး | အစည်းအဝေး | (၁၄) ဦး |
| ၂၁ | CDC နှင့် FHI 360 အဖွဲ့များနှင့်အစည်းအဝေး | အစည်းအဝေး | (၉) ဦး |
| ၂၂ | ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်းအတွက် ကျွမ်းကျင်ပညာရှင်နှင့် တွေ့ဆုံခြင်း | တွေ့ဆုံပွဲ | (၁၂) ဦး |
| ၂၃ | အင်္ဂလန်နိုင်ငံပြည်သူ့ကျန်းမာရေးဌာနအဖွဲ့ဝင်များနှင့်တွေ့ဆုံခြင်း | တွေ့ဆုံပွဲ | (၁၄) ဦး |
| ၂၄ | AFD အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံခြင်း | တွေ့ဆုံပွဲ | (၈) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၂၅ | ကိုယ်အင်္ဂါအစားထိုးခြင်းလုပ်ငန်းများအတွက် ကိုရီးယားနိုင်ငံမှ ပညာရှင်အဖွဲ့နှင့်တွေ့ဆုံခြင်း | တွေ့ဆုံပွဲ | (၁၃) ဦး |
| ၂၆ | ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်းအတွက် ကျွမ်းကျင်ပညာရှင်နှင့် တွေ့ဆုံခြင်း | တွေ့ဆုံပွဲ | (၁၀) ဦး |
| ၂၇ | ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်းဖြစ်ပေါ်လာစေရေး ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၆) ဦး |
| ၂၈ | သူနာပြုစုခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း(၂/၂၀၁၇) | သင်တန်း | (၅၀) ဦး |
| ၂၉ | ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဆေးအကာအကွယ်ပေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |
| ၃၀ | အသိပညာဖလှယ်ဆွေးနွေးပွဲ (Knowledge Sharing Sessions) | အလုပ်ရုံဆွေးနွေးပွဲ | (၃၅) ဦး |
| ၃၁ | MOHS/JICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Health System Strengthening Project မှ ဂျပန်နိုင်ငံ၏ ကျန်းမာရေးအာမခံစနစ်အား ဆွေးနွေးခြင်းနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခြင်း | အလုပ်ရုံဆွေးနွေးပွဲ | (၄၃) ဦး |
| ၃၂ | သွေးသွင်းလူနာများ၏ရောဂါကို ဖြည့်သွင်းရာတွင် WHO စံနှုန်းနှင့်အညီဖြည့်သွင်းတတ်စေရေး ICD-10 အသုံးပြုနည်းသင်တန်း | သင်တန်း | (၁၀) ဦး |
| ၃၃ | သွေးအမြောက်အများသွင်းကုသရာတွင် လိုက်နာဆောင် ရွက်သင့်သည်များကိုဆွေးနွေးတင်ပြခြင်း | ညီလာခံ | (၁၅၀) ဦး |
| ၃၄ | အထူးကုဆရာဝန်/လက်ထောက်ဆရာဝန်များနှင့်သူနာပြုများအား ကျောက်ကပ်သွေးသန့်စင်သင်တန်း | သင်တန်း | (၁၅) ဦး |

## ဆေးသုတေသနဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | South East Asia Breast Cancer အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည့် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၂ | Building National Nutrition Agenda-Where are we and What to focus? ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၂၀) ဦး |
| ၃ | Myanmar-Korea Joint Symposium (2017) ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၈၈) ဦး |
| ၄ | Panel Discussion on Hospital Management ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၃၅) ဦး |
| ၅ | Principles and Practice of Travel Medicine ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၀၀) ဦး |
| ၆ | ISO 17025 Accreditation: The Road to International Recognition for Analytical Laboratory in Department of Food and Drug Administration ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၁၀) ဦး |
| ၇ | Setting the Future by Grasping the Window of Opportunity ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၀၀) ဦး |
| ၈ | Bringing Molecular Diagnostics to Point-of-Care Testing (POCT) ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၈၅) ဦး |
| ၉ | Life style Related Disease ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၀၈) ဦး |
| ၁၀ | Oral Cancer: Scenario and Treatment Strategies ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၈၀) ဦး |
| ၁၁ | Malaria Elimination in Myanmar: Research to Accelerate Progress towards Malaria Elimination ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၉၂) ဦး |
| ၁၂ | Medical Education ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၀၃) ဦး |
| ၁၃ | Scientific Talk by Cytological Screening of Cervical Cancer ဟောပြောပွဲ | ဟောပြောပွဲ | (၁၉၃) ဦး |
| ၁၄ | Ethics Review Committee Meeting 2/2017 အစည်းအဝေး | အစည်းအဝေး | (၁၅) ဦး |
| ၁၅ | Ethics Review Committee Meeting 3/2017 အစည်းအဝေး | အစည်းအဝေး | (၁၆) ဦး |
| ၁၆ | Dissemination Workshop on Sublingual Misoprostol for the Treatment of Incomplete Abortion: Operations Research အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၅) ဦး |
| ၁၇ | အမျိုးသားကျန်းမာရေးသုတေသနမူဝါဒ(မူကြမ်း) အင်္ဂလိပ်/မြန်မာပြင်ဆင်ရေးညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | Midwifery Diploma Curriculum အားပြန်လည်သုံးသပ်ပြင်ဆင်သည့်အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၀) ဦး |
| ၂ | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သတင်းအချက်အလက်များနှင့်စာရင်းဇယားများမှန်ကန်စွာရရှိရေး၊ ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် မူဝါဒများချမှတ် ဆောင်ရွက်နိုင်ရန် “Strengthening Management of Human Resources for Health Project, 2017” စတင်သည့် အခမ်းအနား | အခမ်းအနား | (၅၀) ဦး |
| ၃ | Strengthening the Research Culture for Faculty Members in Nursing and Midwifery Training Schools" အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၀) ဦး |
| ၄ | Development of Course Outlines and Lesson Plans for Undergraduate Nursing Programmes ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၃၀) ဦး |
| ၅ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်နှင့် နော်ဝေနိုင်ငံ University of Oslo (The NORHED Project, MY-NORTH) တို့ပူးပေါင်း၍ Health Management Information System for Master Students (MPH and M.Med.Sc HA&HM) အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၇၅) ဦး |
| ၆ | သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် WHO တို့ပူးပေါင်းဆောင်ရွက်သော “Curriculum-related Knowledge in Microbiology/ Pharmacology/ Nutrition for Nursing and Midwifery Faculty Members” အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၂) ဦး |

## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | Fourier Transform Infrared Spectrophotometer and Spectrophotometer သင်တန်း | သင်တန်း | (၂၀) ဦး |
| ၂ | အခြေခံဓါတ်ခွဲကျွမ်းကျင်မှုဆိုင်ရာစာတွေ့လက်တွေ့သင်တန်း | သင်တန်း | (၄၈)ဦး |
| ၃ | ဌာနတွင်းလုပ်ငန်းကျွမ်းကျင်မှုသင်တန်း | သင်တန်း | (၁၈) ဦး |
| ၄ | အငယ်တန်းစာရေးနှင့်ရုံးအကူတို့အား ဦးစီးဌာန၏လုပ်ငန်းတာဝန်များနှင့် စီမံရေး၊ ဘဏ္ဍာရေး၊ စီမံကိန်းဆိုင်ရာအချက်အလက်များသင်ကြားသည့်သင်တန်း | သင်တန်း | (၈၈) ဦး |
| ၅ | Management review meeting | အစည်းအဝေး | (၁၆) ဦး |
| ၆ | 2nd ASEAN Medical Devices Regulator Harmonization Training Workshop | အလုပ်ရုံဆွေးနွေးပွဲ | (၄၈) ဦး |
| ၇ | ပထမအကြိမ် အလှကုန်ပစ္စည်းဥပဒေ(မူကြမ်း)ရေးဆွဲရေး ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၁) ဦး |
| ၈ | ဒုတိယအကြိမ် ဓါတ်ခွဲခန်းများဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၁) ဦး |
| ၉ | ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုကျင့်စဉ်သတ်မှတ်ရေးကော်မတီအစည်းအဝေး | အစည်းအဝေး | (၁၀) ဦး |
| ၁၀ | ဆေးပစ္စည်းကိရိယာဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီ၏စတုတ္ထအကြိမ်အစည်းအဝေး | အစည်းအဝေး | (၅၅) ဦး |

## တိုင်းရင်းဆေးပညာဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးအစီအစဉ်၊ ခုတင် ၁၀၀ ဆံ့တိုင်းရင်းဆေးရုံကြီး၊ နေပြည်တော် (မြန်မာအမျိုးသမီးတိုင်းသတိပြုစရာမီးယပ်အဖြူဆင်းဝေဒနာ) | ဟောပြောပွဲ | (၁၀၀) ဦး |
| ၂ | (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲ | ညီလာခံ | (၁၀၀) ဦး |
| ၃ | သတ္တမအကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဟောပြောပွဲ | ဟောပြောပွဲ | (၁၀၀) ဦး |

## အားကစားနှင့်ကာယပညာဦးစီးဌာန

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ဆဌမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၀) ဦး |
| ၂ | နိုင်ငံတကာဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |
| ၃ | မြန်မာအားကစားလောက၏ တားမြစ်ဆေးဝါးဆန့်ကျင့်ရေးဥပဒေပြဌာန်းနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |
| ၄ | ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၇) | သင်တန်း | (၆၉) ဦး |

## ပြည်ပသို့အစည်းအဝေး/အလုပ်ရုံဆွေးနွေးပွဲနှင့်သင်တန်းများစေလွှတ်မှုအခြေအနေ
## (၂၀၁၇ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ)

| စဉ် | ဦးစီးဌာန | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ | သင်တန်း | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | Degree | Non-Degree | | |
| | | | | (၆လ)အောက် | (၆လ)အထက် | |
| ၁ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၄၆ | - | ၂ | - | ၄၈ |
| ၂ | ကုသရေးဦးစီးဌာန | ၅၃ | ၁ | ၄၂ | ၂ | ၉၈ |
| ၃ | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ၄၇ | ၃ | ၉ | - | ၅၉ |
| ၄ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ၁၃ | - | - | - | ၁၃ |
| ၅ | ဆေးသုတေသနဦးစီးဌာန | ၄ | ၁ | - | - | ၅ |
| ၆ | တိုင်းရင်းဆေးပညာဦးစီးဌာန | ၂ | - | - | - | ၂ |
| ၇ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၂ | - | - | - | ၂ |
| | စုစုပေါင်း | ၁၆၇ | ၅ | ၅၃ | ၂ | ၂၂၇ |

## *Renewed strength and vigor for the coming year*

**This coming budget year 2017-2018, we should not go for "business as usual". We need to practice out-of-the-box thinking, and apply innovative approaches in implementing activities of our health care delivery system for promoting overall health status of the population at large.**

**We are also expecting to get a reasonably high and sizeable amount of budget for 2017-2018 fiscal year. In order to utilize the budget efficiently, we have to simultaneously make our health care delivery system efficient. During the first year of the democratically elected government, with close and intensified collaboration between central level professionals and state/ regional professionals, we have improved our work performance and updated the work procedures to the extent possible. We have conducted numerous capacity building workshops and trainings on the whole spectrum of technical areas of our work including administrative, management, logistics and financial aspects. The collaboration with INGOs, like-minded organizations, development partners, UN agencies and various entities had been greatly enhanced. But, there is always room for improvement.**

**The National Health Plan 2017-2021 will be available very soon. We need to be well prepared to start implementing it in the most effective and efficient manner. Here the "communication system and interaction" between central level professionals and state/ regional level professionals is *sine qua non.* In addition, as much as possible, we would go for electronic or e-governance or e-system of work such as e-health. This would make our work less burdensome and work can be done in a shorter time period. The computerized human resource for health system will be available soon. We plan to streamline all information systems of various projects and programs within six months together with producing annual reports and latest health profile of Myanmar.**

**The key point that I would like to emphasize is holistic review of our capacity building workshops or meetings must be made as soon as possible and future capacity building workshops must be tailored based on the findings. We will also conclude numerous Agreements of Performance of Work (APW) with WHO in updating our SOPs, Guidelines and other technical, management and administrative works in support of our health care delivery system. We are in the process of having in-service reorientation and capacity building activities to all our basic health service staff in Myanmar in addition to Continuing Medical Education to staff of clinical domain in collaboration with Myanmar Health Assistant Association, Myanmar Medical Association, Myanmar Nurses and Midwife Association, etc.. The motto for the coming year is *"Let us work collaboratively in a team spirited manner".***

*(Excerpt from one of the speeches delivered to health staff by Dr Myint Htwe, Union Minister for Health and Sports)*


**ဆက်သွယ်ရန်လိပ်စာ**
**(အကြံပြုချက်များပေးပို့နိုင်ပါသည်)**
ရုံးအမှတ် (၄)နှင့် (၄၇)၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊နေပြည်တော်။
ဖုန်း - ၀၆၇ ၄၃၁၀၈၀၊ ၀၆၇ ၄၁၁၃၅၃၊
ဖက်စ် - ၀၆၇ ၄၃၁၃၆၉
**Email :** contact@mohs.gov.mm
**Website :** www.mohs.gov.mm




**အယ်ဒီတာအဖွဲ့**

**အယ်ဒီတာချုပ်**
ဒေါ်အေးအေးစိန် (ဒုတိယညွှန်ကြားရေးမှူးချုပ်-စီမံ/ဘဏ္ဍာ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန

**တာဝန်ခံအယ်ဒီတာ**
ဒေါက်တာစုစုလင်း (ဒုတိယညွှန်ကြားရေးမှူး)၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနခွဲ

**အယ်ဒီတာအဖွဲ့ဝင်များ**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
ဒေါက်တာဖြူဖြူအေး (ညွှန်ကြားရေးမှူး)၊ ဒေါက်တာလွင်လွင်အေး (လ/ထညွှန်ကြားရေးမှူး)၊
ဒေါ်အိအိဆွေ (လ/ထညွှန်ကြားရေးမှူး)၊ ဒေါက်တာယမင်းသောင်း (လ/ထညွှန်ကြားရေးမှူး)၊
ဒေါက်တာထူးမြင့်ဆွေ (လ/ထဆရာဝန်)

**ကုသရေးဦးစီးဌာန**
ဒေါက်တာမျိုးသူဇာ (လ/ထညွှန်ကြားရေးမှူး)၊ ဒေါက်တာရွှယ်နုနုခင် (လ/ထညွှန်ကြားရေးမှူး)

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
ဒေါက်တာဝင်းကိုကိုသိန်း (လ/ထညွှန်ကြားရေးမှူး)၊ ဒေါက်တာဝင်းမြမြထွဋ် (ဌာနစုမှူး)

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
ဒေါက်တာနှင်းနန္ဒာကျော် (လ/ထညွှန်ကြားရေးမှူး)

**ဆေးသုတေသနဦးစီးဌာန**
ဒေါက်တာယဉ်သက်နုဦး (သုတေသနမှူး)၊ ဒေါက်တာစုလတ်ထွန်းမြင့် (သုတေသနအရာရှိ)

**တိုင်းရင်းဆေးပညာဦးစီးဌာန**
ဒေါက်တာယဉ်လဲ့ဝေ (လ/ထညွှန်ကြားရေးမှူး)

**အားကစားနှင့်ကာယပညာဦးစီးဌာန**
ဦးထွန်းသန့် (ဒုတိယညွှန်ကြားရေးမှူး)